## ကမ္ဘာတွင် လျှော်ဖြူစေး(ခ)ဆေးကုလားမ အများဆုံးတင်ပို့သည့် (၁၀)နိုင်ငံ (၂၀၂၁ ခုနှစ်)

တန်ဖိုး- အမေရိကန်ဒေါ်လာထောင်ပေါင်း

| စဉ် | နိုင်ငံအမည် | တန်ချိန် | တန်ဖိုး | ကမ္ဘာ့ဝေစု |
|---|---|---|---|---|
| | ကမ္ဘာ | ၁၆၆၂၁၃ | ၃၄၉၈၇၃ | ၁၀၀ % |
| ၁ | ပြင်သစ် | ၄၆၁၃၁ | ၁၄၇၁၉၁ | ၄၂.၁ % |
| ၂ | ဆူဒန် | ၇၃၆၁၆ | ၁၁၀၆၆၂ | ၃၁.၆ % |
| ၃ | ချဒ် | ၁၃၄၀၁ | ၂၀၃၃၅ | ၅.၈ % |
| ၄ | ဂျာမနီ | ၄၂၂၈ | ၁၇၀၃၁ | ၄.၉ % |
| ၅ | မလိ | ၁၁၁၅၇ | ၁၀၄၄၁ | ၃.၀ % |
| ၆ | အမေရိကန်ပြည်ထောင်စု | ၁၉၁၂ | ၉၅၂၉ | ၂.၇ % |
| ၇ | အီတလီ | ၃၄၀၁ | ၈၅၄၁ | ၂.၄ % |
| ၈ | နယ်သာလန် | ၆၉၇ | ၃၄၉၁ | ၁.၀ % |
| ၉ | ယူအေအီး | ၆၁၂ | ၂၆၈၃ | ၀.၈ % |
| ၁၀ | UK | ၅၇၅ | ၂၄၂၃ | ၀.၇ % |

Source : http: // www.trademap.org/Country - Selproduct

## ကမ္ဘာတွင် လျှော်ဖြူစေး(ခ)ဆေးကုလားမ အများဆုံးတင်သွင်းသည့်(၁၀)နိုင်ငံ (၂၀၂၁ ခုနှစ်)

တန်ဖိုး- အမေရိကန်ဒေါ်လာထောင်ပေါင်း

| စဉ် | နိုင်ငံအမည် | တန်ချိန် | တန်ဖိုး | ကမ္ဘာ့ဝေစု (%) |
|---|---|---|---|---|
| | ကမ္ဘာ | ၁၇၀၉၉၄ | ၃၇၁၆၀၃ | ၁၀၀ % |
| ၁ | အမေရိကန်ပြည်ထောင်စု | ၂၀၄၄၅ | ၆၆၁၇၁ | ၁၇.၈ % |
| ၂ | ပြင်သစ် | ၄၅၃၆၆ | ၅၉၅၅၇ | ၁၆.၀ % |
| ၃ | အိန္ဒိယ | ၃၄၄၇၇ | ၂၈၃၆၂ | ၇.၆ % |
| ၄ | ဂျာမနီ | ၉၅၈၁ | ၂၃၂၀၈ | ၆.၂ % |
| ၅ | တရုတ် | ၅၅၅၉ | ၁၇၆၁၀ | ၄.၇ % |
| ၆ | UK | ၇၆၃၂ | ၁၆၅၅၀ | ၄.၅ % |
| ၇ | အိုင်ယာလန် | ၂၆၅၅ | ၁၃၁၉၁ | ၃.၅ % |
| ၈ | အီတလီ | ၃၆၅၀ | ၉၂၈၇ | ၂.၅ % |
| ၉ | စပိန် | ၁၈၅၀ | ၆၉၆၈ | ၁.၉ % |
| ၁၀ | Eswatini | ၁၉၉၆ | ၆၀၅၃ | ၁.၆ % |

Source : http: // www.trademap.org/Country - Selproduct

## မြန်မာနိုင်ငံ၊ မကွေးတိုင်းဒေသကြီး၏ လျှော်ဖြူစေး(ခ)ဆေးကုလားမ ဈေးနှုန်း (၂၀၂၃ ခုနှစ်)

ရေခဲသားထိပ်စ (တစ်ပိဿာ) ဈေးနှုန်းသည် ၁၅၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ် ထိ ရှိကြောင်း သိရှိရပါသည်။




**ဆက်သွယ်ရန်လိပ်စာ**

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

Mail - myantrade.domestic@gmail.com

ဖုန်းနံပါတ်-၀၆၇-၄၀၈၆၀၁၅/၀၆၇-၄၀၈၆၁၀၈


စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

COMMERCE

myantrade

# လျှော်ဖြူစေး(ခ)

# ဆေးကုလားမ

မြန်မာအမည် - လျှော်ဖြူ(ခ) ဆေးကုလားမ

အင်္ဂလိပ်အမည် - Gum Karaya

ရုက္ခဗေဒအမည် - Sterculia Versicolor Wall

မျိုးရင်းအမည် - Sterculia aceae

တရုတ်ပြည်အခေါ် - ရုက္ခငှက်သိုက် (Life nest)

HS.Code 130190

## လျှော်ဖြူပင်မူရင်းဒေသနှင့် ပြည်တွင်းစိုက်ပျိုးမှု

လျှော်ဖြူပင်၏ မူရင်းဒေသမှာ မြန်မာနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ပေါက်ရောက်၍ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးရိုးမတောင်များအပြင် အနောက်ရိုးမအစပ် တောင်တန်းများနှင့် ရှမ်းရိုးမအစပ် တောင်တန်းများတွင် အများဆုံး တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် လျှော်ဖြူပင်မျိုးများသည် ရိုးတန်အနီပင်၊ ရိုးတန်အစိမ်းပင်၊ အခေါက်ဖြူနှင့် အညိုပင်စသည်ဖြင့် နေရာဒေသအလိုက် တွေ့ရှိရသော်လည်း အစေးထွက်ရှိမှုနှင့် အစေး သဘာဝအခြေအနေအပြင် အပင်ပုံပန်းသဏ္ဍာန် ကွဲပြားခြားနားမှုမရှိသည့် လျှော်ဖြူပင်မျိုးဖြစ်ပါသည်။ လျှော်ဖြူပင်နှင့်မျိုးနွယ်တူ၊ မျိုးစိတ်ကွဲ အပင်များ ရှိနေပြီး ၎င်းတို့မှာ လျှော်နီ၊ ဂုန်လျှော်၊ လျှော်ဝ၊ ဘန်လျှော်၊ လျှော်ပင်များ ဖြစ်ပါသည်။ အစေးထွက်ရှိမှုနှင့် အစေး သဘာဝတူညီကြသော်လည်း မြန်မာ့လျှော်ဖြူပင်မှ ရရှိသောအစေးသည် ဖြူဆွတ်နေပြီး လျှော်နီ၊ လျှော်ဝနှင့် လျှော်ပင်မှရရှိသော အစေးသည် နီဝါရောင် အနည်းငယ်သန်း၍ ပြည်တွင်းဈေးကွက်၌လျှော်ဖြူစေးကဲ့သို့ ဈေးကောင်းမရကြောင်း သိရှိရပါသည်။

## လျှော်ဖြူစေးအသုံးပြုပုံ

ရေခဲမုန့်၊ ရွှေရင်အေး၊ ဖာလူဒါ စသည့် ရိုးရာ စားသောက်ကုန်လုပ်ငန်းများ၊ လျှော်ဖြူစေးအားအမှုန့်ပြုလုပ်၍ ချည်ထည်လုပ်ငန်း၊ အထည်အလိပ်နှင့်ယက်ကန်းလုပ်ငန်း၊ သားရေလုပ်ငန်း၊ ရေနံခါတုလုပ်ငန်း၊ အထူးပြုဖန်ထည် မှန်ထည်လုပ်ငန်း(ဥပမာ- ကားမှန်များ glass firber)၊ စားသောက်ကုန်လုပ်ငန်း၊ သားရေစာနှင့် မုန့်လုပ်ငန်း၊ စက်မှုကုန်ကြမ်းလုပ်ငန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ကျန်းမာရေးအထောက်အကူပြုပုံ

သွေးအတွင်း သကြားဓါတ်ကို လျော့ကျစေခြင်း၊ သွေးဖိအားကို တည်ငြိမ်ကောင်းမွန်စေခြင်း၊ အသည်းအတွင်း အဆိပ်ပြေစေခြင်းနှင့် ထိခိုက်ဒဏ်ရာများကို ပျောက်ကင်းသက်သာစေခြင်း (ဆေးဂျယ်လီ၊ ဆေးပတ်တီး၊ အရေပြား လိမ်းဆေး)၊ တိုင်းရင်းဆေးတွင် ဆီးရွှင်ဆေး၊ ဝမ်းနှုတ်ဆေးများအဖြစ် ဆေးဝါးအသွင် အသုံးပြုကြပါသည်။ အစေ့ကို လှော်၍စားခြင်း၊ အခေါက်မှ လျှော်ထုတ်ယူ၍ ကြိုးအဖြစ်အသုံးပြုကြကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံမှ ဘဏ္ဍာနှစ်အလိုက် လျှော်ဖြူ (ခ)ဆေးကုလားမ တင်ပို့မှုစာရင်း

(ပင်လယ်ရေကြောင်း+နယ်စပ်)

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | ပင်လယ်ရေကြောင်း | | နယ်စပ်လမ်းကြောင်း | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၂၀-၂၀၂၁ | | | ၉၀၁ | ၁.၃၅၁ | ၉၀၁ | ၁.၃၅၁ |
| ၂ | ၂၀၂၁-၂၀၂၂ (Minibudget) | ၉၆၉ | ၁.၆၉၇ | ၁၂ | ၀.၀၂၁ | ၉၈၁ | ၁.၇၁၈ |
| ၃ | ၂၀၂၂-၂၀၂၃ (ယာယီ) | ၁၇၄၉ | ၃.၀၇၀ | ၁၇၀၃ | ၂.၉၅၃ | ၃၄၅၂ | ၆.၀၂၃ |

Source:Customs

မြန်မာနိုင်ငံမှ လျှော်ဖြူ(ခ)ဆေးကုလားမ နိုင်ငံအလိုက် ပြည်ပတင်ပို့မှုစာရင်း

(ပင်လယ်ရေကြောင်း+နယ်စပ်)

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံအမည် | ၂၀၂၀-၂၀၂၁ | | ၂၀၂၁-၂၀၂၂ (Mini Budget) | | ၂၀၂၂-၂၀၂၃ (ယာယီ) | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ဘင်္ဂလားဒေ့ရှ် | | | ၅ | ၀.၀၀၉ | ၂ | ၀.၀၀၄ |
| | ပင်လယ်ရေကြောင်း | | | ၅ | ၀.၀၀၉ | | |
| | နယ်စပ်လမ်းကြောင်း | | | | | ၂ | ၀.၀၀၄ |
| ၂ | တရုတ် | ၉၀၁ | ၁.၃၅၁ | ၉၃၃ | ၁.၆၅၅ | ၃၄၃၇ | ၆.၀၀၄ |
| | ပင်လယ်ရေကြောင်း | | | ၉၂၁ | ၁.၆၃၄ | ၁၇၃၆ | ၃.၀၅၅ |
| | နယ်စပ်လမ်းကြောင်း | ၉၀၁ | ၁.၃၅၁ | ၁၂ | ၀.၀၂၁ | ၁၇၀၁ | ၂.၉၄၉ |
| ၃ | ပါကစ္စတန် | | | ၁၆ | ၀.၀၃၄ | ၅ | ၀.၀၀၁ |
| ၄ | စင်ကာပူ | | | ၂၇ | ၀.၀၄၁ | ၆ | ၀.၀၁၀ |
| ၅ | ထိုင်ဝမ် | | | | | ၂ | ၀.၀၀၄ |
| | စုစုပေါင်း | ၉၀၁ | ၁.၃၅၁ | ၉၈၁ | ၁.၇၁၈ | ၃၄၅၂ | ၆.၀၂၃ |

Source:Customs